# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 13, 2020 Volume 31, Number 7


| ၁၃.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၉၇၀၀၀ |
| ဒေါ်လာဈေး | = ၁၄၂၇/- ကျပ် |
| CBM Rate | = ၁၄၁၅.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၈.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၂.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၈.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၉.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၇၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၇၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စားနပ်ရိက္ခာအတွက် အရန်ဆန်တန်ချိန် ခြောက်ထောင်ကျော်ဝယ်ယူထား

နိုင်ငံတော်စားနပ်ရိက္ခာအတွက် ၁၁ ရက်အတွင်း ဆန်တန်ချိန် ၆,၃ဝဝ ခန့် ဝယ်ယူစုဆောင်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်သည်။ နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူသိုလှောင်သည့် ဆန်များသည် ပြည်ပတင်ပို့နေသည့် ဆန်တစ်အိတ်လျှင် ၂၁,၆ဝဝ ကျပ် ဈေးဖွင့်ဝယ်ယူခြင်းဖြစ်ပြီး သိုလှောင်ရုံငါးခုတွင် ထားရှိသည်။ ပုဂ္ဂလိကသိုလှောင်ရုံများဖြစ်ခြင်းကြောင့် ဆန်တစ်အိတ်လျှင် တစ်လ သိုလှောင်စရိတ် ကျပ် ၁ဝဝ ကုန်ကျကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ COVID-19 ရောဂါဖြစ်ပွားနေချိန်တွင် အစိုးရက နိုင်ငံတော်စားနပ်ရိက္ခာအတွက် ဆန်တန်ချိန် ၅ဝ,ဝဝဝ နှင့် စားအုန်းဆီတန်ချိန် ၁၂,ဝဝဝ ကို ကျပ် ၃၈ ဘီလီယံသုံးစွဲပြီးဝယ်ယူစုဆောင်းရန် စီစဉ်ထားသည်။ လက်ရှိနိုင်ငံတော်ရိက္ခာအတွက် အရန်ဆန်ပေးသွင်းထားသော ပြည်ပဆန်တင်ပို့နေသည့် ကုမ္ပဏီ ၄ဝ ခန့်ရှိသည်။ မေလ ၁၁ ရက်အထိ အရန်ဆန် ၁ဝ ရာခိုင်နှုန်းတင်သွင်းထားသည့်ပမာဏအရ ပြည်ပသို့ဆန်တန်ချိန် ခြောက်သောင်းကျော်တင်ပို့ခွင့်ရရှိထားပြီးဖြစ်သည်။

**Source:** https://7day.news/detail?id=185964

## COVID-19 ကာလ ခရီးသည်များနှင့်သယ်ယူပို့ဆောင်ရေးယာဉ်များ လိုက်နာရမည့် အချက်များထုတ်ပြန်




ဘတ်စ်ကားများ၊ တက္ကစီများနှင့်အဝေးပြေးကားဂိတ်များအပြင် ခရီးသည်များ လိုက်နာရန် အချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ယမန်နေ့က ထုတ်ပြန်သည်။ လတ်တလောဖြစ်ပွားနေသော COVID-19 ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်ရန် အထက်တွင်ဖော်ပြထားသူများအနေဖြင့်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့်အားအင်ကုန်ခန်းခြင်းတို့ လက္ခဏာများခံစားနေရပါက

လုပ်ငန်းခွင်သို့လာရောက်ခြင်း၊ ဘတ်စ်ကားပေါ်တွင် စီးနင်းလိုက်ပါခြင်းမပြုရန်၊ အချိန်တိုင်းတွင်နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ရန်တို့ လိုက်နာရန်ထုတ်ပြန်ထားသည်။ ထို့အပြင် ရုတ်တရက် နှာချေချောင်းဆိုးလျှင် လက်မောင်း တံတောင်ကွေး တို့ဖြင့် ဖုံးအုပ်ဆိုးရန်၊ လက်ဆေးရန်၊ အပြင်မှပြန်ရောက်လျှင် အဝတ်အစားလဲရန်၊ ကိုယ်လက်သန့်စင်ခြင်းပြုလုပ်ရန်နှင့် ထိုသို့ မပြုလုပ်မီ အိမ်သားများနှင့်ထိတွေ့မှုမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် ကားမှတ်တိုင်တွင် စောင့်ဆိုင်းချိန်၌ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာမှနေရန်၊ လက်သန့်ဆေးရည် အမြဲဆောင်ရန်၊ အမှိုက်များကို ကားပေါ်တွင်မစွန့်ပစ်ဘဲ ယူဆောင်သွား၍ အဖုံးပါသော အမှိုက်ပုံးတွင်သာ စနစ်တကျ စွန့်ပစ်ရန်၊ ထိုင်ခုံများတွင် နှစ်ယောက်ခုံများဖြစ်ပါက တစ်ယောက်ချင်းစီသာထိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် မထိုင်ဘဲ ခပ်ခွာခွာထိုင်ရန်တို့ကို လိုက်နာရမည်ဖြစ်သည်။ ယာဉ်မောင်းများအနေဖြင့် လေဝင်လေထွက်ကောင်းမွန်စေရန် ကားပြတင်းပေါက်များ တတ်နိုင်သမျှဖွင့်၍မောင်းရန်၊ ခရီးသည်များကို တတ်နိုင်သမျှ ခပ်ခွာခွာထိုင်ရန် စနစ်တကျ ကြီးကြပ်ပေးရန်၊ ခရီးသည်များယာဉ်ပေါ်သို့ မတက်ရောက်မီနှင့်ဆင်းလျှင်လက်ဆေးရန်၊ နှာခေါင်းစည်းတပ်ရေးကို ကြပ်မတ် စစ်ဆေးရန်၊ ခရီးစဉ်တစ်လျှောက် ကျန်းမာရေးအသိပညာပေးအချက်အလက်များကို ရုပ်သံဖြင့်ပြသခြင်း (သို့) အသံဖိုင်ဖြင့် ပြောကြားရန်၊ တစ်နေ့လျှင် ပိုးသန့်စင်ခြင်းကို အနည်းဆုံးတစ်ကြိမ်ပြုလုပ်ရမည်ဟု ထုတ်ပြန်ချက်တွင်ပါရှိသည်။

အငှားယာဉ်(Taxi)များအနေဖြင့် လေဝင်လေထွက်ကောင်းမွန်စေရန် ပြတင်းပေါက်များဖွင့်၍မောင်းနှင်ခြင်း၊ ယာဉ်၏ ရှေ့ထိုင်ခုံနှင့်နောက်ထိုင်ခုံကြားတွင် မှန် (သို့မဟုတ်) ပလတ်စတစ်ဖြင့် လုံခြုံစွာအကာအရံပြုလုပ်ထားရန်၊ ခရီးသွားပြည်သူ များအား ယာဉ်၏နောက်ထိုင်ခုံတွင်သာထိုင်ပြီးပို့ဆောင်ရန်၊ ခရီးသွားပြည်သူနှင့်ထိတွေ့မှု ငွေလက်ခံ ကိုင်တွယ်ရမှု လျော့နည်း စေရန် အွန်လိုင်းဘွတ်ကင်နှင့် အွန်လိုင်းမှငွေပေးချေခြင်းတို့ကိုအသုံးပြုရန်တို့လည်းပါဝင်သည်။ အလားတူ ယာဉ်ပိုင်ရှင်များ အနေဖြင့် ယာဉ်ဝန်ထမ်းများအား နှာခေါင်းစည်း၊ လက်သန့်ဆေးရည်တို့ကို လုံလောက်စွာထောက်ပံ့ပေးရန်၊ ခပ်ခွာခွာနေမှု ရှိစေရန် ခရီးသည်အရေအတွက်ကို ထက်ဝက်သာတင်ဆောင်ရန်၊ နှာခေါင်းစည်းမတပ်ဆင်သော ခရီးသည်များအား လုံးဝ တင်ဆောင်ခြင်း မပြုရန်၊ လက်သန့်ဆေးရည်များ အလုံအလောက်ထားရှိပေးရန်၊ ယာဉ်မောင်းနှင့်ခရီးသည်ကြားတွင် မှန် (သို့) ပလတ်စတစ်အကာအရံများပြုလုပ်ထားရန်နှင့် ကျန်းမာရေးအသိပေးခြင်းတို့ကို လိုက်နာရမည်ဖြစ်သည်။

အဝေးပြေးကားဂိတ်များတွင် လက်ဆေးရန် ရေ၊ ဆပ်ပြာ (သို့) လက်သန့်ဆေးရည်တို့ကို ခရီးသည်များနှင့်ဝန်ထမ်းများ အသုံးပြုနိုင်ရန်ထားရှိပေးခြင်း၊ ယာဉ်မထွက်ခွာမီ စောင့်ဆိုင်းနေသော ခရီးသည်များ တစ်ဦးနှင့်တစ်ဦးကြားအကွာအဝေးကို ခြောက်ပေခွာထားရှိခြင်း၊ ယာဉ်ပေါ်သို့မတက်မီ အဖျားတိုင်းတာစက်ဖြင့် ကိုယ်ပူချိန်တိုင်းခြင်းနှင့် အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက် နှင့်အထက်ဖြစ်လျှင် ယင်းခရီးသည်အားတင်ဆောင်မှုမပြုခြင်း၊ နှာခေါင်းစည်းမပါသော ခရီးသည်အားယာဉ်ပေါ်သို့ လိုက်ပါ စီးနင်းခွင့်မပြုခြင်း၊ ခရီးသည်တိုင်း၏ လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်တို့ကို ခုံနံပါတ်နှင့်ယှဉ်၍ မှတ်သားထားခြင်းတို့ ပြုလုပ်ရမည်ဟု ထုတ်ပြန်ထားသည်။ ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦးက ''ဒီမနက်တော့ ရုံးလာတာ ကားသမားက နှာခေါင်း စည်းမတပ်ရင် ကားပေါ်မတက်ရဘူးလို့ပြောတယ် အဲဒီလိုကြုံခဲ့ရတယ်'' ဟုပြောသည်။

**Source:** https://7day.news/detail?id=185967

## ကုန်ပစ္စည်းအမျိုးပေါင်း ၄၇၀၀ ကျော်ကို မြန်မာဘာသာအညွှန်းများအသုံးပြုရန် စိစစ်အတည်ပြုပြီးဟုဆို

ရန်ကုန်မြို့ ဈေးကွက်အတွင်းရှိ ထုတ်ကုန်နှင့်ကုန်ပစ္စည်းအမျိုးပေါင်း ၄၇၀၀ ကျော်ကို မြန်မာဘာသာဖြင့် အညွှန်း အသုံးပြုရန် စိစစ်အတည်ပြုပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဆွေက မြန်မာတိုင်းမ်သို့ ပြောကြားသည်။ "ကျွန်တော်တို့ဆီမှာမတင်ဘဲ ကိုယ့်အစီအစဉ်နဲ့ ကိုယ် Labelling (ကုန်ပစ္စည်းအညွှန်း) လုပ်တာလည်းရှိပါတယ်။ သိပ်ပြီးရှုပ်ထွေးတဲ့ ထုတ်ကုန်ပစ္စည်းတွေမဟုတ်ရင် လုပ်ငန်းရှင်တွေ ကိုယ်တိုင်က လုပ်တာရှိတယ်။ ကျွန်တော်တို့အနေနဲ့ စားသုံးသူကို လိုအပ်တဲ့ သတင်းအချက်အလက်ပေးတာမှာ ပြည့်စုံမှုရှိမရှိကို စစ်ဆေးကြပ်မတ်ပေးတာပါ " ဟု ဦးဇေယျာဆွေကဆိုသည်။

လက်ရှိတွင် ရန်ကုန်မြို့ရှိ ကုမ္ပဏီပေါင်း ၃၉၀ ကျော်က ကုန်ပစ္စည်းပေါင်း ၄၇၀၀ ကျော်ကို လျှောက်ထား အတည်ပြုချက် ရယူထားခြင်းဖြစ်ပြီး ယင်းကုန်ပစ္စည်းများတွင် စားသောက်ကုန်နှင့် ဖြည့်စွက်စာ ၂၅၀၀ ကျော်၊ လူသုံးကုန်ပစ္စည်းအမျိုးပေါင်း

၁၆၀၀ ကျော်နှင့် ဆေးဝါးနှင့်ဆေးပစ္စည်း ၅၈၀ ကျော်ပါဝင်ကြောင်း စားသုံးသူဦးစီးဌာန၏ စာရင်းများအရသိရသည်။ မြန်မာဘာသာဖြင့်အညွှန်းများကို အတည်ပြုစိစစ်ခွင့်ပြုမှုများရှိပြီး လက်ရှိတွင် အစားအသောက် ထုတ်ကုန်အများစုသည် အတည်ပြုချက်ရယူပြီးဖြစ်ကာ ၊ သက်ဆိုင်ရာ ကုမ္ပဏီများအလိုက် ဈေးကွက်အတွင်း ရှိထားပြီးသား လက်ကျန်ကုန်ပစ္စည်း အရေအတွက်များအတွက် ညှိနှိုင်းဆွေးနွေးမှုများ ရှိထားပြီးဖြစ်ကြောင်းသိရသည်။

ကုန်စည်များတွင် မြန်မာဘာသာ အညွှန်းအသုံးပြုရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် ကိုဗစ်အခက်အခဲကြောင့် အာရုံစိုက်မှုနည်းပါးခဲ့ခြင်းဖြစ်ပြီး ဥပဒေပိုင်းဆိုင်ရာ လိုက်နာစစ်ဆေးမှုများဆောင်ရွက်ပါက ဈေးကွက်အတွင်း တရားမဝင် ကုန်ပစ္စည်းတင်သွင်းမှုများအတွက်လည်း ဟန့်တားရန်အထောက်အကူဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးရဲမြင့်မောင်ကမှတ်ချက်ပြုသည်။ ကုမ္ပဏီများအလိုက် မိမိတို့ထုတ်လုပ် တင်ပို့ရောင်းချသည့် သက်ဆိုင်ရာကုန်ပစ္စည်းများအတွက် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် သုံးစွဲမှုအညွှန်း၊ ထားသို သိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးဆိုသော အချက် လေးချက်ကို မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ သို့မဟုတ် မြန်မာနှင့်အခြားဘာသာတွဲလျက် ဖော်ပြရမည်ဟု သတ်မှတ် ထားခြင်းဖြစ်သည်။

" မြန်မာစာနဲ့ Labelling ရှိနေတာက နိုင်ငံရဲ့ သိက္ခာနဲ့လည်းဆိုင်တယ် ။ ကိုယ့်သဘောနဲ့ ကိုယ် လေဘယ်တပ်တာက တရားမဝင်ဘူး၊ ဒါကို စစ်ဆေးနိုင်တဲ့ အာဏာပိုင်အဖွဲ့က စစ်ဆေးအတည်ပြုချက်တွေနဲ့ တရားဝင်ဖြစ်အောင်လုပ်ဖို့လိုတယ်။ ဒီအပိုင်းတော့ သက်ဆိုင်ရာက သေသေချာချာစစ်ဆေးဖို့လိုတယ်။ "ဟု ဦးမောင်မောင်က ဆိုသည်။ သို့သော်လက်ရှိတွင် ပြည်တွင်းထုတ်ကုန်အချို့နှင့် နိုင်ငံခြားမှတင်သွင်းသည့် ကုန်ပစ္စည်းအချို့တွင် အဆိုပါညွှန်ကြားချက်ကို ကိုဗစ်ရောဂါကြောင့် ဈေးကွက်အတွင်း အပြည့်အဝ လိုက်နာဆောင်ရွက်မှုကို စစ်ဆေးနိုင်ရန်အားနည်းနိုင်ကြောင်း မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂ အတွင်းရေးမှူး ဦးမောင်မောင်က ဆိုသည်။

မြန်မာဘာသာဖြင့် ကုန်ပစ္စည်းအညွှန်းများကို အသုံးပြုရန် ညွှန်ကြားချက်သည် လိုက်နာရန်လိုအပ်ပြီး ယင်းအချက်ကို အခြေခံပြီး အရည်အသွေးစံနှုန်း ပြည့်မီခြင်းရှိမရှိကို စိစစ်အတည်ပြုမှုများဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း ဦးမောင်မောင်ကမှတ်ချက်ပြုသည်။ ကုမ္ပဏီများအလိုက် ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချသည့် သက်ဆိုင်ရာကုန်ပစ္စည်း များအတွက် မြန်မာဘာသာဖြင့် အညွှန်းများကို စိစစ်ခွင့်ပြုခြင်းသာဖြစ်ပြီး လုံခြုံစိတ်ချမှုနှင့် အရည်အသွေးစံနှုန်းများအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဦးဇေယျာစိုးထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/139171.html

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာသန်း ၄၂၀ ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၆၀ ကျော် ပိုမိုရရှိထား



လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာ သန်း ၄၂၀ ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၆၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ ၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၂၄ ရက်အထိ ခုနစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုသည် ဒေါ်လာသန်း ၄၂၀ ရှိသည်။

“ကျောက်စိမ်းက ဒီဘဏ္ဍာနှစ်အတွင်း တင်ပို့ထားတာက ဒေါ်လာ သန်း ၄၂၀ ရှိတယ်။ ယခင်ကာလတူနဲ့ ယှဉ်ရင်တော့ ဒေါ်လာ ၁၆၂ သန်းပိုတယ်” ဟု ဦးခင်မောင်လွင်က ပြောကြားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုသည် ယခင်နှစ် ကာလတူထက် ဝင်ငွေဒေါ်လာ ၁၆၂ သန်းအထိ ပိုမိုရရှိထားသည်။ ကျောက်စိမ်းကို ပြပွဲများပြုလုပ်ပြီး ရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းပြပွဲများ

ပြုလုပ်မှုများသည့်ကာလများတွင် ပြည်ပသို့ကျောက်စိမ်းပိုမိုတင်ပို့နိုင်ပြီး ကျောက်စိမ်းပြပွဲများပြုလုပ်မှုနည်းသည့် ကာလများတွင် ကျောက်စိမ်းတင်ပို့မှု လျော့ကျနိုင်ကြောင်းသိရသည်။ “အဓိကကျောက်စိမ်းကတော့ ပြပွဲတွေနဲ့ဆိုင်တာပေါ့။ ပြပွဲလုပ်ပြီးရောင်းတာဆိုတော့ ပြပွဲများများလုပ်လေ တင်ပို့မှုပိုလာလေပဲ။ ပြပွဲလုပ်တာနည်းရင်လျော့တာပေါ့” ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားထားသည်။

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်ရောင်းချမည့် ကျောက်စိမ်းအရိုင်းထည်များကို အထူးကုန်စည်ခွန် ၁၅ ရာခိုင်နှုန်း၊ စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များကို ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များကို အထူးကုန်စည်ခွန် ငါးရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချရမည့် ကျောက်မျက်ရတနာများ ရောင်းရငွေအပေါ် ကျသင့်အထူးကုန်စည်ခွန်ကို ၂၀၁၈-၂၀၁၉ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ကောက်ခံခဲ့ကြောင်း သိရသည်။ အရောင်းပြေစာစာအုပ်Cash Memo ဖြင့် ရောင်းချရာတွင် ငွေသားလက်ခံခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များထုတ်ပြန်ခဲ့ပြီး နိုင်ငံခြားငွေဖြင့် ရောင်းချပါက ပြည်ပရှိဘဏ်များမှထုတ်ဝေသည့် Visa, Master, JCB, CUP အစရှိသည့် Debit/ Credit Card တို့ဖြင့်သာ လက်ခံဆောင်ရွက်ရမည်၊ ဝယ်ယူသူ၏အမည်၊ Passport နံပါတ်နှင့် ငွေသားအသုံးပြု ကတ်နံပါတ်တို့ကို သိသာထင်ရှားစွာ ဖြည့်သွင်းဆောင်ရွက်ရမည်၊ လက်ခံရောင်းချသည့် ကတ်အမျိုးအစား Visa, Master, JCB, CUP ကို နောက်ဆက်တွဲ(ခ)ပါ ပုံစံအတိုင်း ရှင်းလင်းစွာဖော်ပြရမည်၊ အဆိုပါ လုပ်ငန်းစဉ်များအပြင် အခါအားလျော်စွာထုတ်ပြန်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/173329

## သီးနှံများ အပူချိန်မြင့်၍ပျက်စီးကာ ကျွန်းတောင်သူအချို့အရှုံးပေါ်



ဧရာဝတီမြစ်အတွင်းရှိ ကျွန်းများပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ကြသော မကွေးနှင့်မင်းဘူးဒေသမှ ကျွန်းတောင်သူများအနေဖြင့် ရာသီဥတုအပူဒဏ်ကြောင့် စိုက်ပျိုးထားသည့် သီးနှံပင်များပျက်စီးကာ အရှုံးနှင့်ရင်ဆိုင်နေရသည်။ "ပြီးခဲ့တဲ့ မတ်၊ ဧပြီလခန့်ကစပြီး နေ့အပူချိန်တွေ မြင့်မားလာတယ်။ ဆောင်းအကုန်ကာလက စိုက်ပျိုးထားတဲ့ အပင်တွေနေလောင်ပြီး သေတဲ့အပင်ကသေ၊ ရှင်နေတဲ့ အပင်တွေက သီးနှံအထွက်တွေ ညံ့ဖျင်းကုန်တယ်။ အရင်နှစ်တွေက ဒီလောက်အပူချိန်မရှိတော့ စိုက်ခဲ့တဲ့သီးနှံတွေရရှိခဲ့ပါတယ်။ ဒီနှစ်ကတော့ ကျွန်းတောင်သူ တော်တော်များများအရှုံးနဲ့သာ ရင်ဆိုင်ကြရတယ်"ဟု မင်းဘူးမြို့နယ်တပင်ကျေးရွာနေ ကျွန်းတောင်သူ ဦးခင်မောင်ရွှေကပြောသည်။

မကွေးနှင့်မင်းဘူးဒေသမှ ကျွန်းတောင်သူများသည် ကျွန်းမြေကို မကွေးအပိုင်းနှင့်မင်းဘူးအပိုင်းဟူ၍ မြေစာရင်းဌာနက နှစ်စဉ်ခွဲခြားကာ သတ်မှတ်ပေးကြောင်းသိရသည်။ ရရှိသည့်မြေပေါ်မူတည်၍ ရာသီပေါ်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြခြင်းဖြစ်သည်။ "ဒီနှစ် ကျွန်တော်ရခဲ့တဲ့ကျွန်းမြေ နှစ်တာအတွင်း ပဲတီစိမ်း၊ ကုလားပဲနဲ့ဖရဲစိုက်ပျိုးခဲ့တယ်။ အပူဒဏ်ကြောင့် ပဲတီစိမ်းခင်းနဲ့ ကုလားပဲခင်းတွေပျက်စီးခဲ့တယ်။ ဖရဲခင်းကတော့ အပင်တွေမသေပေမယ့် အသီးတွေညံ့ဖျင်းကုန်တယ်။ အခုတော့ စိုက်ထားတဲ့အခင်းတွေကို မီးရှို့ပြီး လာမယ့်မိုးရာသီမှာ စိုက်ဖို့ပြင်ဆင်နေပါပြီ"ဟု ၎င်းကပြောသည်။

ကျွန်းမြေများကို အပိုင်းလိုက်ခွဲခြားကာရရှိလာသည့်မြေများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးလုပ်ကိုင်ကြသည်။ ယခုလပိုင်းအတွင်း နေ့အပူချိန်မြင့်တက်နေမှုကြောင့် စိုက်ပျိုးထားသည့်သီးနှံများ အပူချိန်မြင့်မားကာ ဒေသခံများအရှုံးပေါ်နေကြခြင်းဖြစ်သည်။ ယခုနှစ်ပိုင်းတွင် အပူပိုင်းဇုန်ဒေသများဖြစ်သော မြန်မာပြည်အလယ်ပိုင်း၌ နေ့အပူချိန်များမြင့်မားကာ ယခင်နှစ်နွေကာလအပူချိန်ထက် ၃ ဒီဂရီမှ ၄ ဒီဂရီခန့်အထိမြင့်တက်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139157.html

## အရန်ရိက္ခာအတွက် စားအုန်းဆီတန်ချိန် ၁၂,၀၀၀ ကို အစိုးရက ဝယ်ယူမည်



COVID-19 ကာလ ပြည်တွင်းစားသုံးဆီလိုအပ်သည့်အချိန်တွင် ဖြန့်ချိနိုင်ရေးအတွက် စားအုန်းဆီတန်ချိန် ၁၂,၀၀၀ ကို အရေးပေါ်ရိက္ခာအဖြစ်ဝယ်ယူမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ ထိုသို့ ဝယ်ယူရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး စားအုန်းဆီသိုလှောင်ရန် နိုင်ငံတော်အနေဖြင့် ဆီသိုလှောင်ကန်များမရှိသည့်အတွက် Jerry Can ဖြင့် ဝယ်ယူသိုလှောင်ထားရှိရန် စီစဉ်ခြင်းဖြစ်သည်ဟု မေလ ၁၂ ရက်Video Conferencing ဖြင့်ပြုလုပ်သော အရန်ရိက္ခာ စားအုန်းဆီတန်ချိန် ၁၂,၀၀၀ ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးတွင် ၎င်းကပြောသည်။

ယခုအခါ ကိုဗစ်ကာလတွင် နိုင်ငံတော်အစီအစဉ်ဖြင့် အရန်ဆီထားရှိရန်လုပ်ဆောင်မှုဖြစ်ပြီး ကုန်သည်များဘက်မှလည်း စားအုန်းဆီအရန်ရိက္ခာအတွက် တန်ချိန် ၁၂,၀၀၀ ထားရှိရန်နှင့် အစိုးရကအရန်ရိက္ခာအတွက် အဆင်သင့်လုပ်ထားရန် ဆီကုန်သည်လုပ်ငန်းရှင်များနှင့် သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ ဥက္ကဋ္ဌဦးမြင့်ကြူက မြန်မာတိုင်းမ်ကိုပြောသည်။ ကုန်သည်များဘက်မှ နိုင်ငံတော်ကိစ္စဖြစ်သည့်အတွက် အကျိုးအမြတ် မယူဘဲ လှူဒါန်းသည့်အနေဖြင့် ဈေးနှုန်းလျော့ချပေးထားခြင်းရှိသည်ဟု ၎င်းကပြောသည်။ အစိုးရက ဝယ်ယူသော စားအုန်းဆီများကို ကိုဗစ် ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေရန်လျာထား ဆောင်ရွက်နေသည်ဟု ဦးသန်းမြင့်ကပြောသည်။

အရန်ရိက္ခာစားသုံးဆီအတွက် ဈေးနှုန်းသင့်သော စားအုန်းဆီဝယ်ယူရန်လုပ်ဆောင်ခြင်းဖြစ်သည်။ စားအုန်းဆီသည် ပြည်တွင်း၌လည်း ဆီကန်လုံလောက်မှုမရှိခြင်းကြောင့် ပြည်ပမှတင်သွင်းနေခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

မြန်မာနိုင်ငံ၏ စားသုံးဆီပြည်တွင်းထုတ်လုပ်မှုသည် နိုင်ငံအတွင်းစားသုံးမှုအတွက် မလုံလောက်ခြင်းကြောင့် ပြည်ပမှ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီများကို နှစ်စဉ်တင်သွင်းနေရခြင်းဖြစ်သည်။ ''ကျွန်တော်တို့နိုင်ငံက စားတာက ၁ သန်းလောက်ရှိတယ်။ ထုတ်တာက ၄ သိန်းလောက်ပဲရှိတယ်။ တကယ်တမ်းက ၄ သိန်းမကဘူးထုတ်နိုင်တယ်။ ဒါပေမယ့် မြေပဲ၊ နှမ်းတို့က နိုင်ငံခြားကိုရောင်းတော့ တစ်တန်ကို ဒေါ်လာ ၂၀၀၀ လောက်ရှိတယ်။ အဲဒီ မြေပဲဆီ၊ နှမ်းကို လယ်သမားတွေကိုလည်း ဈေးသွားနှိမ်လို့မရဘူး။ နှိမ်ရင်စိုက်ပျိုးတဲ့သူကလည်း လျော့သွားမယ်။ အဲဒီတော့ အဲဒါတွေရောင်းပြီး တစ်တန်ကို စားအုန်းဆီ ဒေါ်လာ ၆၀၀ တန်၊ နေကြာဆီ၊ ပဲပုပ်ဆီ ဒေါ်လာ ၈၀၀ ၊၉၀၀ တန် ကို ပြန်သွင်းတာ''ဟု ဦးမြင့်ကြူကပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်းတို့ကို စိုက်ပျိုးသော်လည်း ယင်းတို့မှာ ဈေးနှုန်းမြင့်သည့်အတွက် ပြည်ပသို့တင်ပို့ပြီး ဈေးနှုန်းသက်သာသော စားအုန်းဆီကို ပြန်လည် တင်သွင်းသုံးစွဲနေခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးတင်ပို့နေသည့် အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံမှစားအုန်းဆီကို မြန်မာက နှစ်စဉ်

တင်သွင်းနေခြင်းဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန် ၆ သိန်း၊ ၇ သိန်းခန့်တင်သွင်းနေကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ တစ်ဖက်တွင် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သော မြေပဲ၊ နှမ်းတို့ကို နိုင်ငံအတွင်း သုံးစွဲရေးအတွက် ဆီအဖြစ်ကြိတ်ပါကလည်း ဆီထွက်နှုန်းနည်းခြင်းနှင့် ယင်းအတွက်ကုန်ကျစရိတ်ရှိခြင်း၊ ဈေးနှုန်းမြင့်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုမတတ်နိုင်သည့် အခြေအနေများရှိသည်။ သို့သော် မိမိတို့ တိုင်းပြည်အနေဖြင့် ကိုဗစ်ကပ်ရောဂါကဲ့သို့ အခြေအနေများတွင် ရင်ဆိုင်ရချိန်၌ ပြည်တွင်းစားသုံးမှုအတွက် ဆီထွက်သီးနှံလုံလောက်အောင် စိုက်ပျိုးရန်လိုအပ်မှုကိုထောက်ပြနေသည်ဟု မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌကပြောသည်။

''ဆန်တို့ကတော့ နိုင်ငံထဲက ထွက်တော့မပူရဘူး။ ဆီတို့ကတော့ နိုင်ငံတကာကနေ သွင်းရတော့သွင်းတာက သူ့ဆီမှာပြဿနာမဖြစ်ရင် ဘာမှမဖြစ်ဘူး။ လွယ်လွယ်ကူကူဈေးပေါပေါ ဝယ်လို့ရတယ်။ ဒါပေမယ့် သူ့ဆီကထွက်မရဘူး။ သူတို့ဆီသင်္ဘောဆိပ်တွေ၊ စိုက်ကွင်းတွေ၊ ဆီကန်တွေလည်း Lockdown လုပ်ပြီဆိုရင် ကျွန်တော်တို့က ပြည်တွင်းလုံလောက်မှုလိုအပ်လာပြီ။ အဲဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဆီထွက်သီးနှံကို ပြည်ပကိုမရောင်းဖို့လိုတယ်။ ဒီကိုဗစ် အတွေ့အကြုံအရ ပြည်တွင်းမှာ ဈေးဘယ်လောက်ပဲကြီးကြီး လုံလောက်အောင်စိုက်ပျိုးရမယ်ဆိုတာပေါ်လာတယ်။ ရှေ့လျှောက်အမျိုးသားရေးစိတ်ဓာတ်နဲ့ စိုက်ပျိုးရေးအတွက် ကျွန်တော်တို့ ဝိုင်းဝန်းမီးမောင်းထိုးပြီးလုပ်ဖို့ရှိတယ်''ဟု ၄င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/139169.html

## မှောင်ခိုလမ်းကြောင်းမှကျွဲနွားသယ်ယူမှုများရှိနေ

တရုတ်ကုန်သည်များက ရွှေလီ-ဗန်းမော်လမ်းကြောင်းမှတစ်ဆင့် နေ့စဉ်ကျွဲနွားကောင်ရေ ရာနှင့်ချီကာ မှောင်ခိုသယ်ဆောင်မှုများရှိနေသဖြင့် စိစစ်တားဆီးပေးရန် တင်ပြသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ကျွဲနွားတင်ပို့သူများအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။ "ဗန်းမော်မြို့ပေါ်ကနေ အမဲလိုင်စင် (စီ)ရထားတဲ့သူတွေက လုပ်နေတာဖြစ်တယ်။ တရုတ်ကိုပြန်လည်သယ်ယူပို့ဆောင်တဲ့သူတွေက မြန်မာနိုင်ငံသားတစ်ယောက်မှမပါဘူး။ တရားမဝင်လမ်းကလာတယ်။ နွားဈေးတွေဖြစ်တဲ့ ဗန်းမော်၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး၊ ဗန်းမောက်၊ ပခုက္ကူအထိ ကျွဲနွားများကိုဝယ်ယူပါတယ်။ တစ်ရက်ကို အနည်းဆုံးငါးရာကနေ နှစ်ထောင်အထိ သယ်ယူနေတယ်။ အဲဒီအတွက် ကျွန်တော်တို့ အသင်းကိုတင်ပြထားတယ်။ ကိုဗစ်–၁၉ နဲ့ လည်း ဆက်စပ်နေတာကြောင့် သက်ဆိုင်ရာကိုလည်း တင်ပြသွားမှာဖြစ်တယ်"ဟု ၄င်းကပြောသည်။

တရားမဝင် ရောင်းချသယ်ယူနေခြင်းကြောင့် တရားဝင်အခွန်ဆောင်ရောင်းချသူများ နစ်နာနေကြောင်းလည်း ၄င်းကပြောသည်။ "တိုက်ရိုက်တရားမဝင်ဝယ်နေတဲ့အခါမှာ ကျွန်တော်တို့ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီတွေ၊ ကုန်သည်တွေက အခွန်ဆောင်ထားတာတွေက ဘယ်နေရာမှ သုံးစားလို့မရတော့ အလကားဖြစ်ပြီလေ။ အခုကျတော့ အမဲလိုင်စင်ရတဲ့သူနဲ့ တရုတ်နိုင်ငံကုန်သည်တွေနဲ့ တိုက်ရိုက်လုပ်တဲ့သူအတွက် ကျွန်တော်တို့ မလိုတော့ဘူး။ ကုန်သည်တွေရှိနေတာကို မလိုတော့ဘူး ပုံစံဖြစ်သွားတယ်" ဟု ဦးစိုးနိုင်ကပြောသည်။ ကျွဲ၊ နွားဈေးနှုန်းမှာ ယခင်က တစ်ကောင်လျှင် ၁၅ သိန်းခန့်ရှိပြီး၊ ယခု ၁၂ သိန်းခန့်သာရရှိတော့ကြောင်း၊ ကျွဲနွားမွေးမြူသူများ ပူးပေါင်းကာ အခက်အခဲများကို သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ယခုအတိုင်း ရေရှည်ဖြစ်ပေါ်လျှင် ပြည်တွင်း ကျွဲနွားမွေးမြူ သူများ အခက်အခဲကြုံရမည်ဖြစ်ကြောင်းသိရသည်။ 'ကျွန်တော်တို့ ကျွဲ၊ နွားတင်ပို့သူတွေအနေနဲ့ တစ်နှစ်ကို ဒေါ်လာသန်းလေးရာလောက် နှစ်စဉ်အခွန်ငွေရရှိအောင် စွမ်းဆောင်ပေးပါတယ်။ အခုတော့ မြန်မာငွေသိန်းလေးဆယ်တောင် မရတော့ဘူး။ တဖက်က နိုင်ငံတော်ကနစ်နာသလို၊ တင်ပို့သူတွေ၊ တောင်သူတွေလည်း နစ်နာနေပါတယ်။ အဓိက အမြတ်ရတာ တရားမဝင်သယ်ဆောင်သူတွေဖြစ်နေပါတယ်"ဟု ကျွဲနွား တင်ပို့သူတစ်ဦးကပြောသည်။

**Sources: The Farmer Journal.**

https://www.facebook.com/myanmaawba/?ref=page_internal

## မြန်မာ့ကြယ်ပဲဈေးကွက် export ရပ်ဆိုင်းနေ



၂၀၁၈ ခုနှစ်က ဈေးကွက်ကောင်းမွန်ခဲ့ပြီး၊ တစ်ကီလိုလျှင် ၈၀၀၀ ကျပ်အထိ ဈေးနှုန်းရရှိခဲ့သော ကြယ်ပဲသီးနှံကို ယခုအခါ export တင်ပို့မှုရပ်ဆိုင်းနေကြောင်း မြန်မာနိုင်ငံကြယ်ပဲစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) မှ သိရသည်။ Export က ရပ်နေတယ်။ ထိုင်ဝမ်နဲ့ စကားပြောထားတာကလည်း ကိုဗစ်ရောဂါဖြစ်လာပြီးနောက်ပိုင်း အကြောင်းမပြန်တော့ဘူး။ ကိုရီးယားလက်ကလည်း မဝယ်တော့ဘူး။ ကိုရီးယားကို ပီရူးနဲ့ဗီယက်နမ်ကပို့နေတော့ ထိုင်းနိုင်ငံကနေ သိပ်မမှာတော့တာပါ။ မြန်မာပြည်က ကြယ်ပဲက ထိုင်းနိုင်ငံကို အဓိကပို့နေတာဆိုတော့ ထိုင်းနိုင်ငံမှာ လတ်တလော ဈေးကွက်ငြိမ်နေတော့ မြန်မာဈေးကွက်လည်းရပ်နေတာပါဟု မြန်မာနိုင်ငံကြယ်ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဌ ဦးတင်မျိုးနိုင်ကပြောသည်။

ကြယ်ပဲလက်ဘက်ခြောက်၊ ကြယ်ပဲစေ့လှော်များကို ပြည်တွင်းဈေးကွက်သို့ ပုံမှန်အတိုင်း ဆက်လက်ဖြန့်ဖြူးနေသော်လည်း ယခင်နှစ်များကထက် အရောင်းအဝယ်အားနည်းနေသည်။ ကြယ်ပဲလက်ဘက်ခြောက်၊ ကြယ်ပဲစေ့လှော်တွေကိုတော့ ပြည်တွင်းဈေးကွက်အတွက် ဆက်ထုတ်လုပ်ပေးနေပါတယ်။ ဈေးကွက်အားနည်းလာတော့ ကြယ်ပဲစိုက်ပျိုးမှုကိုလည်း တောင်သူတွေက လက်လျော့လာကြတယ်။ တချို့လည်း ကြယ်ပဲပင်တွေကို သိပ်အလေးမထားတော့ပဲ တခြားသီးနှံပြောင်းစိုက်သွားကြတာမျိုးလည်းရှိလာတယ်။ အသင်းကို စိုက်တဲ့သူတွေကတော့မေးလာတယ်။ သူတို့ ထွက်တာလေးတွေ ဝယ်နိုင်မလားပေါ့။ အကိုတို့အနေနဲ့ကလည်း ပမာဏများများတော့ မဝယ်နိုင်သေးဘူးလေဟု ဦးတင်မျိုးနိုင်က ဆက်လက်ပြောသည်။ လက်ရှိအနေဖြင့် ကြယ်ပဲပေါက်ဈေးမှာ ကြယ်ပဲစေ့ (မလှော်ရသေးခင် အမဲစေ့အတိုင်း) ကုန်ကြမ်းအနေအထား တစ်ကီလိုလျှင် ၁၃၀၀ ကျပ်ဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/stop_export_myanmar_star_bean

## ပြည်တွင်း ရွှေဈေး အနည်းငယ် မြင့်တက်

ကမ္ဘာ့ရွှေဈေး တစ်ထရိုင်အောင်စလျှင် ၁၇၀၂ ဒေါ်လာရှိနေမှုကြောင့် ပြည်တွင်းရွှေဈေး ဈေးကွက်အတွင်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ရန်ကုန်မြို့ရွှေဆိုင်များထံမှသိရသည်။ ၁၆ ပဲရည် (အကယ်ဒမီ) တစ်ကျပ်သား မေ ၁၂ ရက်တွင် ရန်ကုန်ဈေးကွက်၌ ညနေပိုင်းဈေး ဖြစ်ပေါ်နေမှုအရ တစ်ကျပ်သား ကျပ် ၁၁၈၅၀၀၀၊ မန္တလေးဈေးကွက်တွင် ကျပ် ၁၁၈၀၀၀၀ ဝန်းကျင်ဖြင့် အနည်းငယ် မြင့်တက်နေခြင်းဖြစ်သည်။ ၁၅ ပဲရည် တစ်ကျပ်သား မေ ၁၂ ရက် ရန်ကုန်ဈေးကွက်တွင် ညနေပိုင်းဈေးဖြစ်ပေါ်နေမှုအရ တစ်ကျပ်သား ကျပ် ၁၁၁၄၀၀၀၊ မန္တလေးဈေးကွက်တွင် ကျပ် ၁၁၁၂၀၀၀ ဝန်းကျင်အထိ မြင့်တက်နေခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေး ဆက်တက်မြင့်တက်လာပါက ပြည်တွင်းရွှေဈေး ၂၀၁၉ ခုနှစ်က ၁၂ သိန်းကျော်အထိ စံချိန်တင်ထားသည့် ဈေးအထိ ပြန်လည်ရောက်ရှိဖွယ်ရှိနေကြောင်းသိရသည်။ ပြည်တွင်းရွှေဈေး အနည်းငယ်မြင့်တက်လာခြင်းနည်းတူ အမေရိကန်နိုင်ငံခြားငွေလဲနှုန်းမှာလည်း အနည်းငယ်လိုက်ပါမြင့်တက်လာပြီဖြစ်ကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေး ဈေးကွက်မှသိရသည်။ အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာ မေ ၁၂ ရက်တွင် ညနေပိုင်းဈေးဖြစ်ပေါ်ခဲ့မှုအရ တစ်ဒေါ်လာလဲနှုန်း ဝယ်ဈေး ၁၄၁၅ ကျပ်၊ ရောင်းဈေး ၁၄၂၀ ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်းသိရသည်။

Source: https://www.facebook.com/standardtimedaily/

## ကိုဗစ်ကာလ မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေး ဒေါ်လာသန်း ၃၀ လောက်လျော့ကျ

COVID–19 ကြောင့်ဖြစ်လာတဲ့ အတားအဆီးအကန့်အသတ်တွေကြောင့် နယ်စပ်ကုန်သွယ်ရေးပို့ကုန်ကဏ္ဍမှာ ပြီးခဲ့တဲ့နှစ်ကထက် ဒေါ်လာသန်း ၃၀ လောက် လျော့ကျသွားတယ်ဆိုတဲ့အကြောင်းကို ဗွီအိုအေမြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်ကတင်ပြပေးမှာပါ။ မြန်မာနယ်စပ်ကုန်သွယ်ရေး အထူးသဖြင့် တရုတ်၊ ထိုင်းနယ်စပ်ကုန်သွယ်ရေးနှစ်ခုကို ပိတ်မထားပေမဲ့ COVID–19 ကြောင့် တဘက်နိုင်ငံရဲ့ လူအဝင်အထွက်အကန့်အသတ်တွေ၊ ကုန်စည်ပို့ဆောင်ရေး အစစ်အဆေးတွေကြောင့် ကြန့်ကြာမှုတွေရှိပြီး မြန်မာပို့ကုန်အပေါ် ထိခိုက်မှုရှိခဲ့ပါတယ်။ဒါကြောင့် နယ်စပ်ပို့ကုန်မှာ ပြီးခဲ့တဲ့နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၃၀ လျော့နည်းသွားတယ်လို့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောပါတယ်။ “နယ်စပ်မှာတော့ ပို့ကုန်ပိုင်းမှာ လျော့သွားတယ်၊ ဘယ်လောက်လျော့လည်းဆိုတော့ (ဒေါ်လာ) သန်း ၃၀ လောက်လျော့သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ COVID ကြောင့် အတားအဆီးတွေများလို့ လျော့တာတွေရှိတယ်။ ဖရဲ၊ သခွားက လမ်းခရီးကြန့်ကြာမှုတွေကြောင့် လျော့တယ်။ အထူးသဖြင့် ဂိတ်ဖြတ်တဲ့ နေရာမှာ သူတို့ဘက်က အရမ်းစစ်တာတွေ ပေါ်လာတယ်။ ဒါပေမဲ့ သွင်းကုန်မှာ မလျော့ဘူး။”

မြန်မာထဲ သွင်းကုန်ကတော့ လျော့မသွားပါဘူး။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ထက် သွင်းကုန် ဒေါ်လာ သန်း ၃၈၀ လောက်ပိုနေပြီး၊ နှစ်နိုင်ငံ ကုန်သွယ်ပမာဏမှာ ဒေါ်လာသန်း ၃၅၀ လောက်ကွာဟသွားပါတယ်လို့ ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောပါတယ်။ အိန္ဒိယနိုင်ငံ မဏိပူပြည်နယ်ကို မေလ ၃ရက်မှာ သူတို့အစိုးရက COVID–19 ကင်းရှင်းတဲ့ပြည်နယ် (Green Zone) ထဲ ထည့်သွင်းထားပေမဲ့ တနိုင်ငံလုံး အသွားအလာကန့်သတ်တာကိုတော့ မေလ ၁၇ ရက်ထိ သက်တမ်းတိုးထားပါတယ်။ စစ်ကိုင်းတိုင်း တမူးခရိုင် မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်ကတော့ မတ်လ ၁၀ ရက်ကတည်းက အိန္ဒိယဘက်က ပိတ်ထားခဲ့တာပါ။ ပြန်ဖွင့်ဖို့က အိန္ဒိယနိုင်ငံရဲ့အခြေအနေတွေအပေါ် မူတည်နေတယ်လို့ စစ်ကိုင်းတိုင်းနယ်လုံဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က ပြောပါတယ်။ “ကျနော်တို့ကတော့ မေလ ၃၁ အထိ မေလကုန်အထိပေ့ါနော်၊ ပိတ်ဖို့အတွက် ဆောင်ရွက်ထားတာပေ့ါ။ ဘာမှလူအသွားအလာမရှိ။ သူတို့ဘက်ကလည်း ပိတ်တယ်၊ တောက်လျှောက်ပိတ်သလို ကျနော်တို့ဘက်ကလည်း သူတို့ဘက်ကနေ ပြန်လာမှာစိုးတဲ့အတွက်ပိတ်တယ်။ နှစ်ယောက်ပိတ်တော့ အားလုံးကရပ်တန့်သွားတာပေ့ါနော်။”

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တရားဝင်နယ်စပ်ကုန်သွယ်ရေးကပိတ်ထားပေမဲ့ မှောင်ခိုကူးသန်းမှုကတော့ အနည်းငယ်ရှိနေတယ်လို့ မြန်မာကုန်သွယ်ရေးဌာန တာဝန်ရှိသူတွေကပြောပါတယ်။ မြန်မာ-ထိုင်းကုန်သွယ်ရေးမှာလည်း ကုန်သွယ်ရေး မပိတ်ပေမဲ့ ယာဉ်မောင်းတယောက်၊ ယာဉ်အကူတယောက်ပဲ နယ်စပ်ဖြတ်ကျော်ခွင့်ရှိပါတယ်။ ဒါကြောင့် အကောက်ခွန်ရှင်းလင်းရေးအေဂျင်စီအဖွဲ့တွေ ဇွန်လ ၁ ရက်မှာ ဖြတ်သန်းသွားနိုင်ခွင့်ရဖို့ နှစ်ဘက်ညှိနှိုင်းတာလည်းရှိပါတယ်။ “ကျနော်တို့ တကယ်တမ်းကုန်သွယ်မှုလုပ်တဲ့အခါမှာ အေဂျင်စီတွေသွားဖို့ နည်းနည်းခက်လာတာပေ့ါ။ ကုန်သွယ်ရေး အကောက်ခွန်လုပ်တဲ့အခါ အေဂျင်စီတွေပါလာတာကိုး။ အေဂျင်စီတွေက border pass ( နယ်စပ်ဖြတ်ခွင့်) လုပ်လို့ မရသေးဘူး ဖြစ်နေတယ်။ ဖြေလျှော့မှုတခုပေးရင်တော့ ၁ ရက် ၆ လ အစောဆုံး ပေးရင်တော့ ၂ နိုင်ငံ မြဝတီ- မဲဆောက်၊ မဲဆောက်- မြဝတီ ဒါမျိုးဟာမျိုးဖြစ်လာနိုင်တာပေ့ါ။ ”မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ပြောသွားတာပါ။ ထိုင်းတောင်ပိုင်းစီးပွားရေး လုပ်ငန်းရှင်တွေကလည်း မြန်မာနိုင်ငံဘက် တနင်္သာရီတိုင်း Singkhon ဂိတ်ကိုပြန်ဖွင့်ပေးဖို့ သူတို့အစိုးရကို တောင်းဆိုနေတယ်လို့ Bangkok Post သတင်းစာက မနေ့ကရေးခဲ့ပါတယ်။ Singkhon ဂိတ်ပိတ်ထားလို့ မြန်မာရေထွက်ကုန်တွေကို မြိတ်မြို့ကနေ ထိုင်းနိုင်ငံ ရနောင်းမြို့ကို အဆင့်ဆင့် သယ်ယူနေရပါတယ်။

https://burmese.voanews.com/a/covid-myanmar-trade-eco/5416342.html

## မြန်မာနိုင်ငံမှာ ဒေါ်လာ ၁ သန်း ထပ်မံရင်းနှီးမြှုပ်နှံသွားမည့် Dakota Ventures

မြန်မာဈေးကွက်ကို အဓိက အာရုံစိုက်လှုပ်ရှားနေသည့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Dakota Ventures က မြန်မာနိုင်ငံတွင် ဒေါ်လာ ၁ သန်းထပ်မံရင်းနှီးမြှုပ်နှံသွားရန်ရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှု သတင်းဝက်ဘ်ဆိုက် Deal Street Asia က ဖော်ပြခဲ့သည်။ လက်ရှိတွင် ရန်ကုန်အခြေစိုက် Kaplan Myanmar University College နှင့် Gohanya ဂျပန်အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းတွေ စီမံနေသည့် Dakota Ventures သည် ပညာရေး၊ စားသုံးသူဈေးကွက်နှင့်

အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများတွင် ထပ်မံရင်းနှီးမြှုပ်နှံသွားရန် စီစဉ်နေကြောင်းသိရှိရသည်။ Dakota Ventures အနေနှင့် အလားအလာနှင့် ရေရှည်မျှော်မှန်းချက်ရှိသည့် စွန့်ဦးတီထွင်လုပ်ငန်းများ (Startups) တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အစားအသောက်ဖြန့်ချိမှုနှင့် eSports နယ်ပယ်များကိုလည်း စိတ်ဝင်စားမှုရှိနေကြောင်း Deal Street Asia ၏ သတင်းတွင်ဖော်ပြထားသည်။

Dakota Ventures သည် ပြည်တွင်းတွင် လက်မှတ်ရဘဏ္ဍာရေးစီမံခန့်ခွဲသူများ (Certified Financial Planner – CFP) အေးဂျင့်များနှင့် မန်နေဂျာများ မွေးထုတ်ပေးနိုင်စေရန် သင်တန်းကျောင်းတစ်ခုကို Financial Planner Association of Singapore နှင့် ပူးပေါင်းကာ တည် ထောင်သွားရန်လည်း စီစဉ်နေကြောင်း သိရှိရသည်။ Dakota Ventures အနေနှင့် မြန်မာ ဈေးကွက်ကို အလျင်အမြန်တိုးတက်နေပြီး လုံခြုံစိတ်ချရသည့် ဈေးကွက်တစ်ခုအဖြစ်မှတ်ယူထားကြောင်း အဆိုပါ သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**Source : The Voice**

https://news.ydnp.net/345954/

## တရုတ်နိုင်ငံက ငါးအဝယ်နည်းနေသဖြင့် မွန်ပြည်နယ်တွင် ငါးလုပ်ငန်း ၈၀ ရာခိုင်နှုန်းရပ်ဆိုင်းထားရ



ကိုရိုနာဗိုင်းရပ်စ် COVID-19 ကပ်ရောဂါဘေး အကျပ်အတည်းဟာ ငါးလုပ်ငန်းတွေကိုပါ ရိုက်ခတ်လာနေပြီး တရုတ်နိုင်ငံက ငါးအဝယ်နည်းနေလို့ ငါးလုပ်ငန်း ၈၀ ရာခိုင်နှုန်းလောက် ရပ်ဆိုင်းထားရတယ်လို့ မွန်ပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ် တာဝန်ရှိ သူကပြောပါတယ်။ မွန်ပြည်နယ်က ထွက်ရှိနေတဲ့ ငါးတွေကို တရုတ်၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံစတဲ့ နိုင်ငံတွေကို အဓိက တင်ပို့နေတာပါ။ အဲလို တင်ပို့ရာမှာ တရုတ်ဈေးကွက် တစ်ခုတည်းကို ၈၅ ရာခိုင်နှုန်းလောက်မှီခိုနေပါတယ်။ ဒါပေမယ့် အခု အချိန်အထိ တရုတ်က ငါး အဝယ်နည်းနေသေးလို့ ငါးလုပ်ငန်း ၈၀ ရာခိုင်နှုန်းလောက်ရပ်ဆိုင်းထားရတယ်လို့ မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးအောင်သက်ဌေးကပြောပါတယ်။

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံက ငါးတွေကို မေလ ၁ ရက်ကစပြီး ပြန်လည်ဝယ်ယူနေပေမယ့် စီးပွားရေးလုပ်ငန်းသုံး ငါးတွေကို ဝယ်ယူခြင်းမရှိသေးပါဘူး။ အဲလိုအခြေအနေတွေကြောင့် ငါးတန်ချိန်ရာနဲ့ချီပြီး အအေးခန်းတွေထဲမှာ ပိတ်မိနေတာ ပါ။ တရုတ်ပြည်ကနေ ငါးအဝယ်နည်းနေသေးတဲ့အတွက်ကြောင့် ငါးတန်ဖိုးဟာ အရင်ကထက်စာရင် ထက်ဝက်နီးပါး ကျဆင်း လာတယ်လို့လည်းဆိုပါတယ်။ အခုလို အခြေအနေတွေကြောင့် ပြည်တွင်း ငါးဈေးကွက်မှာလည်း ငါးအရောင်းအဝယ်အေးနေ တယ်လို့ ငါးဒိုင်လုပ်ငန်းရှင် ကိုအောင်ကပြောပါတယ်။

တရုတ်နိုင်ငံဟာ မွန်ပြည်နယ်ကနေ နှစ်စဉ် ငါးတန်ချိန် ထောင်နဲ့ချီဝယ်ယူနေတာပါ။ အဲလိုဝယ်ယူရာမှာ ငါးပုတ်သင်၊ ငါးသလောက်စတဲ့ ငါးတွေကို အဓိကထားဝယ်ယူနေပါတယ်။ ဒါပေမယ့် အခုနှစ် ကိုရိုနာဗိုင်းရပ်စ် COVID-19 ကပ်ဘေးအကျပ် အတည်းမှာ တရုတ်နိုင်ငံကနေ မြန်မာထွက်ကုန်တွေဖြစ်တဲ့ ဆန်စပါး၊ အသားငါး ပင်လယ်စာ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နဲ့ ပန်းတွေပါ ဝယ်ယူမှု သိသိသာသာကျဆင်းလာနေပါတယ်။

**Source :** http://burmese.dvb.no/archives/387501

## ဝယ်လိုအားများ၍ ဧရာဝတီတိုင်း၌ စပါးဈေးကောင်း

ပြည်ပတင်ပို့ရန်နှင့် နိုင်ငံတော်အရန်ဆန်ဝယ်ယူသည့်အစီအစဉ်ကြောင့် ဆန်ဝယ်လိုအားများနေရာ ဧရာဝတီတိုင်း ဒေသကြီး၌ နွေစပါးဈေးနှုန်းမှာ အမြင့်ဈေးသို့ ရောက်ရှိနေကြောင်းသတင်းရရှိသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် မိုးစပါးပေါ်ချိန်တွင် အကြမ်းစပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် အနိမ့်ဆုံး ၄ သိန်း ၅ သောင်းကျပ်မှ အမြင့်ဆုံး ၅ သိန်းကျပ် ဝန်းကျင်သာ ပေါက်ဈေး ရှိခဲ့သော်လည်း လက်ရှိနွေစပါးရာသီတွင် စပါးဈေးမှာ အနိမ့်ဆုံး ၅ သိန်း ၇ သောင်းမှ ၆ သိန်း ၃ သောင်းအထိ မြင့်တက်ခဲ့ ကြောင်း ဆန်စပါး ကုန်သည်များထံကသိရသည်။

မြောင်းမြမြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း ဒု ဥက္ကဋ္ဌ အောင်ခေတ်မီ ဆန်စက်ပိုင်ရှင် ဦးရွှေထွန်းက"ဒီနှစ်က စစ်ကိုင်း တိုင်း ရွှေဘိုဘက်မှာ ရေကို စိုက်ပျိုးရေးအတွက်မပေးဘဲ လျှပ်စစ်အတွက်သုံးတော့ ရွှေဘိုနယ်ဘက်မှာ အများစုက နွေစပါး မစိုက် ဖြစ်ဘူး။ အဲဒီအတွက်ကြောင့် ဧရာဝတီတိုင်းကထွက်တဲ့ နွေစပါးက ဝယ်လိုအားပိုလာတယ်။ အရန်ဆန် ဝယ်တာကလည်း ရှိနေတဲ့အတွက် စပါးဈေးက မနှစ်ကထက်စာရင် ပိုမြောက်နေတာဖြစ်တယ်" ဟု ဧရာဝတီကိုပြောသည်။ လက်ရှိတွင် ဧရာဝတီ တိုင်း၌ ဆန်ကြမ်းအုပ်စုဝင် သီးထပ်ရင် စပါးမှာ တင်း ၁၀၀ လျှင် ၅ သိန်း ၇ သောင်း၊ ပခန်း စပါးမှာ ၆ သိန်း ၁ သောင်းနှင့် ဆင်းသုခ စပါးမှာ ၆ သိန်း ၃ သောင်းဝန်းကျင် ပေါက်ဈေး ရှိနေကြောင်းသိရသည်။ ယမန်နှစ် နွေစပါးရာသီက တင်း ၁၀၀ လျှင် ငွေကျပ် ၄ သိန်း ၇ သောင်းဝန်းကျင်သာရှိခဲ့သဖြင့် လက်ရှိပေါက်ဈေးမှာ ယမန်နှစ်ထက် ကာလတူပေါက်ဈေးထက် အနည်းဆုံး ကျပ် ၁ သိန်း ပိုမိုဈေးမြင့်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှုထက် ပိုလျှံသောဆန်များကို ပြည်ပသို့ ပမာဏအကန့်အသတ်ဖြင့် လစဉ်တင်ပို့နေပြီး လက်ရှိကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဝယ်လိုအားများနေသည့်အတွက် ဆန်ဈေးကောင်းနေကြောင်း၊ ယင်းအကျိုးဆက်အရ စပါးဈေးများမြင့်တက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကပြောသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အတွင်းရေးမှူး ဦးလှုမော်မြင့်မောင်က "ကမ္ဘာမှာလည်း COVID – 19 ဖြစ်နေတော့ စား နပ်ရိက္ခာအတွက် အရေးကြီးတဲ့အတွက် အော်ဒါတွေများတယ်၊ ကမ္ဘာ့ဝယ်လိုအားများတော့ ဆန်ဈေးကောင်းလာတယ်။ ဆန်ဈေးကောင်းလို့ စပါးဈေးလည်းကောင်းလာတာဖြစ်ပါတယ်။ စပါးဈေးကောင်းတော့ တောင်သူလယ်သမားတွေ ပိုပြီးအကျိုးဖြစ်ထွန်းတာ ဝမ်းသာပါတယ်" ဟု ပြောသည်။ လက်ရှိတွင် ပြည်ပသို့ ဆန်တင်ပို့မှုများ ရှိနေသလို ပြည်တွင်း၌လည်း ပြည်ထောင်စု အစိုးရက နိုင်ငံတော် သမ္မတ၏ အရေး ပေါ် ရန်ပုံငွေ ၃၈ ဘီလီယံကျပ် အသုံးပြု၍ အရန်ဆန် (ဧည့်မထဆန် ၂၅ မှတ်) တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ စားအုံး ဆီ တန်ချိန် ၁၂,၀၀၀ ကို ဧပြီလကုန်ပိုင်းမှ စတင်၍ ဝယ်ယူ သိုလှောင်နေကြောင်း သိရသည်။

ထိုသို့ အရန်ဆန် ဝယ်ယူရာတွင် ပြည်ပသို့ ပို့ကုန်လိုင်စင် လျှောက်ထားသည့် ဆန်လုပ်ငန်းရှင်များမှ ပြည်ပသို့ တင်ပို့ ရောင်းချမည့် ဆန်တန်ချိန် ပမာဏ၏ ၁၀ ရာခိုင်နှုန်းအား နိုင်ငံတော် အစိုးရထံ ပြန်လည်ပေးသွင်း ရောင်းချစေသည့် နည်းဖြင့် ဝယ်ယူနေခြင်း ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ယခုနှစ် နွေစပါးရာသီတွင် ဆန်ဝယ်လိုအားမှာ ပြည်တွင်းရော ပြည်ပကပါ မြင့်တက်နေသည့်အတွက် စပါးဈေးနှုန်းများလည်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ကန်ကြီးထောင့်မြို့နယ် သရက်ကွင်း ရေကျော်ကြီးကျေးရွာမှ လယ်သမားဦးညိုအေးက"မနှစ်က နွေစပါးနဲ့မိုးစပါးမှာ စပါးဈေးက ၅ သိန်းအောက်ဆိုတော့ ကျနော် အပါအဝင် လယ်သမားတွေ တော်တော်များများရှုံးကြတယ်။ အခုနှစ် စပါးဈေးနှုန်းက ကျနော်တို့လယ်သမားတွေအတွက် အရမ်း အဆင်ပြေတယ်။ ဒီနွေစပါးမှ စပါးဈေးမကောင်းရင်လည်း လယ်သမားတွေ အကုန် မွဲပြီ။ ဒီလို စပါးဈေး ကောင်းအောင် နိုင်ငံတော် အစိုးရအနေနဲ့ အစဉ်တစိုက် ဆောင်ရွက်ပေးစေချင်တယ်" ဟုပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လူဦးရေ ၆ ဒသမ ၃ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည့် လူဦးရေ ၄ သန်းကျော်မှာ လယ်ယာလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်သည့် လယ်သမားမိသားစုများဖြစ်သည်။ တိုင်းဒေသကြီး အတွင်းရှိ ခရိုင် ၆ ခု၌ မိုးစပါး စိုက်ဧကပေါင်း ၃ ဒသမ ၇ သန်းကျော်ရှိပြီး နွေစပါး စိုက်ဧက ၁ ဒသမ ၄ သန်းခန့်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစာရင်းများအရသိရသည်။

**Source:** https://burma.irrawaddy.com/business/2020/05/11/222369.html

## တရုတ်က CMEC အကောင်အထည်ဖော်ရန် တွန်းအားပေးနေသော်လည်း ကိုဗစ်ကြောင့် စီမံကိန်းအချို့ရပ်ဆိုင်းထားရ

တရုတ်-မြန်မာ စီးပွားရေးစင်္ကြန်တည်ဆောက်မှုကို တရုတ်က တွန်းအားပေးနေသော်လည်း မြန်မာသည် Covid-19 ကို ရင်ဆိုင်နေရသည့်အတွက် စီမံကိန်းများ ရပ်ဆိုင်းထားရခြင်း ၊ နှောင့်နှေးနေခြင်းများဖြစ်ပေါ်နေသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံ အစိုးရကြားသဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြန်(CMEC) အောက်ရှိ စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် တရုတ်နိုင်ငံသမ္မတ Mr. Xi Jinping မြန်မာနိုင်ငံသို့လာရောက်စဉ်က လက်မှတ်ရေးထိုး ခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ပြီးခဲ့သောတစ်ပတ်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် Mr.Chen Hai က စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆက်အောင်နှင့် တရုတ်-မြန်မာ လက်တွေ့ကျပူးပေါင်း ဆောင်ရွက်မှုများဆွေးနွေးရာတွင် တရုတ်က တွန်းအားပေးပြောဆိုခဲ့ခြင်းဖြစ်သည်။

ကိုဗစ်ရောဂါအခြေအနေထိခိုက်မှုကြောင့် လက်ရှိတွင် နိုင်ငံတကာနှင့်ဒေသတွင်း စီးပွားရေးကျဆင်းနိုင်မည့် ဖိအားများလာရာ တရုတ်-မြန်မာနှစ်ဦးနှစ်ဖက်က ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်၍ နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်များနှင့် တရုတ်-မြန်မာစီးပွားရေစကြံန်တည်ဆောက်မှုကို တွန်းအားပေး၍ နှစ်နိုင်ငံစီးပွားရေးနှင့် ပြည်သူများ၏ နေထိုင်မှုဘဝမြှင့်တင်စေရေး အတူတကွကြိုးပမ်းဆောင်ရွက်ရန်လိုသည်ဟု မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကပြောသည်။ တရုတ်-မြန်မာ Covid-19 ရောဂါကာကွယ်ထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကိုတွန်းအားပေးဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံမှထုတ်ပြန်ခဲ့သော စီးပွားရေးကိုပြန်လည်လှုံ့ဆော်ရန် အစီအစဉ်များ(Stimulus Package) နှင့် ပေါင်းစပ်၍ ရန်ကုန်မြို့သစ်စီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်၊ တရုတ်-မြန်မာနယ်စပ် စီးပွားရေးပူးပေါင်းဆောင် ရွက်မှုဇုန်စသည့် စီမံကိန်းများကို ဆက်လက်လုပ်ဆောင်ရေးဖြစ်သည်။

အဆိုပါ စီမံကိန်းများအနက် တရုတ်-မြန်မာနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်စသည့် စီမံကိန်းသည် လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက် အစိုးရအကြား မူဘောင်သဘောတူစာချုပ် (Framework Agreement)) လက်မှတ်ရေးထိုးရန် နှစ်နိုင်ငံမှ အဖွဲ့ဖွဲ့စည်း၍ဆွေးနွေးရန်လုပ်ဆောင်နေသည့်အဆင့်သာရှိသေးပြီး ကိုဗစ်ကြောင့် မည်သည့်လုပ်ဆောင်မှုမှ လုပ်ဆောင်နိုင်ခြင်းမရှိသေးဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်ကိုပြောသည်။ ''လက်ရှိမှာ နှစ်နိုင်ငံဆွေးနွေးတဲ့အဆင့် မရောက်သေးဘူး။တရုတ်သမ္မတပြန်သွားပြီးတဲ့အချိန်မှာ နှစ်နိုင်ငံ(Framework Agreement) တွေဖွဲ့ပြီး နှစ်နိုင်ငံနယ်နိမိတ်တွေဆင်းကြည့်မယ်။ ဆွေးနွေးမှုကိစ္စတွေ ဆောင်ရွက်ဖို့ရှိတယ်။အဲဒါပြီးမှ မူဘောင်သဘောတူစာချုပ်လက်မှတ်ရေးထိုးဖို့ဟာတွေရှိတယ်။အဲဒါတွေက ကိုဗစ်ကြောင့် အခုလောလောဆယ်မှာရပ်ထားရတယ်''ဟု ၎င်းကပြောသည်။ ရန်ကုန်မြို့သစ်စီမံကိန်းသည်လည်း လက်ရှိကိုဗစ်အနေအနေတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက် နှင့်အညီ လူစုလူဝေးခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် ပြန်လည်နေရာချထားရေး ဧရိယာကွင်းအတွင်းရှိ မြေကွက်အမျိုးအစားများအတွက် မူလမြေပိုင်ရှင်များသို့ ယာယီမြေပေးမိန့် ပြန်လည်ပေးအပ်ခြင်းကို ရွှေ့ဆိုင်းထားကြောင်း မတ်လ ၂၄ ရက်တွင် ရန်ကုန် မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်က အသိပေးထုတ်ပြန်ထားသည်။

ကမ္ဘာ့နိုင်ငံအများစုမှ နိုင်ငံ့ခေါင်းဆောင်များသည် စီးပွားရေးပြန်စရန်လိုနေပြီဟုပြောဆိုနေကြပြီး ကိုဗစ်ကြောင့်လူအသေအပျောက်များသောအမေရိကန်နိုင်ငံ၏သမ္မတသည်ပင် lockdown ကို ပြန်ဖြည်ချင်နေကြောင်း၊ နိုင်ငံ၏စီးပွားရေးရပ်သွား၍မရကြောင်းတရုတ်-မြန်မာအရေးလေ့လာသုံးသပ်သူလွှတ်တော်အမတ်ဟောင်း ဦးရဲထွန်းကဆိုသည်။ ''မြန်မာနိုင်ငံဆင်းရဲတဲ့နိုင်ငံဆို ပိုဆိုးတယ်။ ကိုဗစ်ဖြစ်နေတာကြောင့် တို့နိုင်ငံတွေက သိပ်မစိုးရိမ်ရတဲ့ အနေအထားမျိုးမှာ မြန်မြန်ထက်ထက်ဒါတွေပြန်စနိုင်မှ အလုပ်တွေ စီးပွားရေးတွေက ပြန်လည်ပတ်မှာ။သူတို့(တရုတ်)လာပြီး ရင်းနှီးမြှုပ်နှံတယ်။သူတို့က အလုပ်တွေစဖို့အတွက် လုပ်ပြီဆိုတာနဲ့ အလုပ်သမားတွေဝင်ငွေရပြီး လည်ပတ်နိုင်မှာ။နှစ်နိုင်ငံလုံးမှာက ကိုဗစ်သိပ်စိုးရိမ်ရတဲ့ အခြေအနေရှိဘူး။ မြန်မာကလက်မှတ်ထိုးထားပြီး နှောင့်နှေးနေလို့ ဒါတွေလုပ်ဖို့အတွက် တရုတ်ကတိုက်တွန်းတာ။ တရုတ်ကလုပ်စရာရှိတာ လုပ်မှာပဲ။ အချိန်ဆွဲနေရင် နှစ်နိုင်ငံလုံးနစ်နာမှာ။တစ်ဖက်က ပစ်ထား လိုက်ရင် စီးပွားရေးနဲ့ပတ်သက်ဆက်နွှယ်နေတဲ့ ပြည်သူလူထုကိုပဲထိမှာ''ဟု ၎င်းက သုံးသပ်သည်။

တရုတ်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် ၃၃ ခုကိုလက်မှတ်ရေးထိုးခဲ့သည်။ယင်းတို့အနက် အဓိကကျသော တရုတ်-မြန်မာစီမံကိန်းများအဖြစ် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ယာများနှင့်သက်ဆိုင်သော သဘောတူစာချုပ်၊ တရုတ်-မြန်မာနယ်စပ်ဖြတ်ကျော်ခတ်အားလိုင်းစီမံကိန်းဖြစ်နိုင်ချေ လေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်အကြား တရုတ်-မြန်မာစီးပွားရေးစင်္ကြံန် ပူးတွဲတည်ထောင်ရေးမူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှုနားလည်မှု စာချွန်လွှာ၊ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ်လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေး နားလည်မှု စာချွန်လွှာတို့ပါဝင်သည်။

Source: https://myanmar.mmtimes.com/news/139132.html

## အိုဆာကာဒေသရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်စံညွှန်းများ သတ်မှတ်ဆောင်ရွက်ခဲ့

ဗဟိုအစိုးရအနေဖြင့် အရေးပေါ် အခြေအနေကို မေလ ၃၁ ရက်နေ့အထိ သက်တမ်း ထပ်မံတိုးချဲ့မှု ကြေငြာခဲ့ပြီးနောက် ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာဒေသအုပ်ချုပ်ရေးမှူးက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း တားမြစ်ကန့်သတ်ချက်များ တဖြည်းဖြည်းရုတ်သိမ်းရန် မေလ ၅ ရက်နေ့က အိုဆာကာဒေသ၏ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ကျင်းပ

ကာ ကိုယ်ပိုင်စံညွှန်းများ ချမှတ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရပါသည်။ အိုဆာကာဒေသ၏ အုပ်ချုပ်ရေးမှူး Mr. Yoshimura Hirofumi က တားမြစ် ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ရန် ရှင်းလင်းပြတ်သားသည့် ဦးတည်ချက်တစ်ခုရှိရန် လိုအပ်ပါကြောင်း၊ ထို့အတွက် ၎င်း၏ဒေသအနေဖြင့် "အိုဆာကာ မော်ဒယ်" ဆိုနိုင်သည့် စံတစ်ခုကိုချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကန့်သတ်ချက်များအား ဖြေလျှော့ပေးရန် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ပြည့်မီကိုက်ညီမှုမရှိပါက အိုစာကာဒေသ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ဒေသအတွင်းနေထိုင်သူများအား မလိုအပ်ဘဲ အပြင်မထွက်ကြရန် ဆက်လက် တောင်းဆိုသွားမည်ဖြစ်ပြီး ပွဲစီစဉ်သူများ၊ ဖျော်ဖြေရေးနှင့် အားကစားအဆောက်အအုံများကို မေလကုန်အထိ ဆက်လက်ပိတ်ထားရန် တောင်းဆိုသွားမည်ဖြစ်ကြောင်းသိရပါသည်။

အိုဆာကာ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် သတ်မှတ်ထားသည့် စံညွှန်း ၃ ချက်အနေဖြင့် ပထမအချက်အတွက် ရောဂါပိုးကူးစက်မှုလမ်းကြောင်း အတိအကျမသိရသော ကူးစက်မှုအသစ်အရေအတွက် တစ်ရက်လျှင် ၁၀ဦးအောက် ရောက်ရှိသွားရမည်ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် သံသယလူနာ စစ်ဆေးမှုများတွင် ကူးစက်ခံထားရကြောင်း အဖြေထွက်ရှိတဲ့နှုန်းမှာ ၇ % အောက် ရောက်ရှိရမည်ဖြစ်ပါကြောင်းနှင့် တတိယအချက်မှာ ပြင်းထန်လက္ခဏာရှိသည့် လူနာများ ဆေးရုံတက်ရောက်သည့်နှုန်းမှာ ၆၀ % အောက်တွင် ရှိနေရမည်ဖြစ်ကြောင်းစသည်ဖြင့် သတ်မှတ်ထား ပါသည်။

ထို့အပြင် အဆိုပါ စံသတ်မှတ်ချက်အားလုံး ၇ ရက်ဆက်တိုက် ကိုက်ညီပြည့်မီမှသာ ဖြေလျှော့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ခွင့်ပြုမည့်ကိစ္စနှင့်ပတ်သက်၍ လာမည့် မေလ ၁၅ ရက်နေ့တွင် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အိုဆာကာအုပ်ချုပ်ရေးအဖွဲ့က ပြောကြားလိုက်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့၏ Brexit အလွန် ကုန်သွယ်ရေးဆွေးနွေးမှုများ စတင်ခဲ့ခြင်း

ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား post-Brexit ဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အသစ်တစ်ရပ်အတွက် ညှိနှိုင်းဆွေးနွေးမှုများကို ပြီးခဲ့သည့် အင်္ဂါနေ့ (၅-၅-၂၀၂၀) နေ့တွင် စတင်ခဲ့ကြောင်း၊ ဗြိတိန်၏ နိုင်ငံတကာကုန်သွယ်ရေးအတွင်းဝန် Liz Truss နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Robert Lighthizer တို့ သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံပွဲမှတစ်ဆင့် ကုန်သွယ်မှုသဘောတူညီချက်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို စတင်ခဲ့ကြခြင်းဖြစ်သည်ဟု ဗြိတိန်နိုင်ငံအစိုးရကပြောကြားခဲ့ကြောင်း၊ ပထမအသုတ်ဆွေးနွေးမှုများသည် ရက်သတ္တပတ် (၂) ပတ်ခန့် ကြာမြင့်နိုင်ပြီး၊ တစ်ဖက်လျှင် စေ့စပ်ညှိနှိုင်း ဆွေးနွေးသူဦးရေ (၁၀၀) ခန့် ပါဝင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများတွင် ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေး၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် SMEs လုပ်ငန်းများအား ထောက်ပံ့ပေးခြင်းတို့အပါအဝင် ဗြိတိန်နိုင်ငံ ၏ စေ့စပ်ညှိနှိုင်းမှု ရည်ရွယ်ချက်များတွင် ချမှတ်ထားသည့် နယ်ပယ်များအားလုံး ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ဗြိတိန်နှင့်အမေရိကန်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမှာ စတာလင်ပေါင် ၂၂၀.၉ ဘီလီယံ (ယူရို ၂၅၃ ဘီလီယံ) ရှိပြီး၊ အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ဗြိတိန်နိုင်ငံမှ ပို့ကုန်ပမာဏ၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိသည်ဟု အစိုးရအစီရင်ခံစာအရ သိရှိရပါသည်။

မိမိတို့၏ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းအသစ်များ ဖွင့်လှစ်ပေးနိုင်၍ ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာပြီး နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များဖန်တီးပေးနိုင်မည့် ရည်မှန်းချက်ကြီးမားသော သဘောတူညီချက်တစ်ရပ်ကို ရရှိလိုသည်ဟု Liz Truss က ပြောကြားခဲ့ကြောင်း၊ ကုန်သွယ်ရေးသဘောတူညီချက်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၁၈ ခုနှစ်ပမာဏနှင့်နှိုင်းယှဉ်ပါက ကာလရှည်တွင် စတာလင်ပေါင် ၁၅.၃ ဘီလီယံဖြင့် တိုးတက်လိုခြင်းဖြစ်ကြောင်း၊ ပထမအသုတ် ဆွေးနွေးပွဲများအပြီးတွင် နောက်ထပ် ညှိနှိုင်းဆွေးနွေးမှုများကို (၆) ပတ်လျှင်တစ်ကြိမ်ခန့် ကျင်းပသွားရန်စီစဉ်ထားကြောင်း ဘရပ်ဆဲလ်တိုင်းမ် ၏ ၅-၅-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရ သိရှိရပါသည်။

**Source:** ဘရပ်ဆဲလ်တိုင်း **စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

# STOCK EXCHANGE (13.5.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 13th May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,000 | 1,632 | 17,108,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 3,745 | 13,482,100 | 38,929,150 | 142,091 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 23 | 190,900 | 10,400,986 | 86,328 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,500 | 23,500 | 23,500 | 937 | 22,019,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 44 | 121,000 | 12,823,224 | 35,264 |

Activate Windows

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 442.89 | +0.52 | +0.12% | 441.47 | 442.89 | 431.57 | 6,381 | 52,922,000 | 5 | 606,460 |

### Index chart




Activate Windows
Go to Settings to activ

## Market Overview

As of 1:00 pm, 13th May. 2020

| MYANPIX | 442.89 ▲ 0.52 |
|---|---|
| Total Volume (shares) | 6,381 |
| Total Value (MMK) | 53 mil |
| Listed Company | 5 |
| Market Cap. (MMK) | 606,460 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |